**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၈ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေးဗဟိုကော်မတီ (Steering Committee) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အတွင်း အတည်ပြုပြဋ္ဌာန်းထားသော ရေနှင့်ဆက်နွယ်သည့်တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ချိတ်ဆက်လွှမ်းခြုံသည့် အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် **"အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေးဗဟိုကော်မတီ (Steering Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အဖွဲ့ဝင်/ ဝန်ကြီး<br>နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်<br>အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (ဓ) | ကော်မတီဝင်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (န) | ကော်မတီဝင်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(ပ) ကော်မတီဝင် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဖ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ က ပြုစုရေးဆွဲသည့် ရေဥပဒေ (မူကြမ်း)ကို အမျိုးသားအဆင့်ရေမူဝါဒနှင့် ကိုက်ညီမှုရှိပြီး အနာဂတ်တွင်ရေရှည် အကျိုးပြုနိုင်မည့် ဥပဒေတစ်ရပ်ဖြစ်စေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ခ) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနအသီးသီး၏ ပြုစုပြီး/ ပြုစုဆဲ ရေနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့် ချိတ်ဆက် လွှမ်းခြုံသည့် အမျိုးသားရေဥပဒေ(မူကြမ်း)ရေးဆွဲရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဂ) အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီက တင်ပြသည့်ဥပဒေ(မူကြမ်း) အပေါ် လိုအပ်ပါက တည်းဖြတ်ပြင်ဆင်ရေးလမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ က တင်ပြလာသည့် ဥပဒေ (မူကြမ်း)ကို စိစစ်အတည်ပြုပြီးပါက အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီသို့ တင်ပြခြင်း၊

(င) အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီမှ အမျိုးသားရေဥပဒေ(မူကြမ်း)ကို အတည်ပြုပြီးပါက ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီကို လိုအပ်သလို ဖွဲ့စည်း/ပြင်ဆင်ဆောင်ရွက်ခြင်း၊

(၁၀) လိုအပ်ပါက နည်းဥပဒေများရေးဆွဲရေးနှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် အမျိုးသားရေးဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီအား လမ်းညွှန်ကြီးကြပ်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ